# မြေယာနှင့် ကျား၊မ ရေးရာ

မြေ၊ ယာ အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို အမျိုးသမီးများရော အမျိုးသားများပါ လက်လှမ်းမီခွင့်နင့် ထိန်းချုပ်စီမံခွင့်ရရှိစေရန် ပံ့ပိုးခြင်းသည် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျား၊ မရေးရာ တန်းတူညီမျှမှုရရှိရေးတို့အတွက် မူလအခြေခံဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် စားသောက်ကုန်အဖြစ်ထွက်ရှိသည့် ကောက်ပဲသီးနှံအားလုံး၏ ၅၀ ရာခိုင်နှုန်းထက်ပိုသောပမာဏကို ထွန်ယက်စိုက်ပျိုးသူများမှာ အမျိုးသမီးများဖြစ်သော်လည်း ကမ္ဘာပေါ်ရှိငတ်မွတ်ခေါင်းပါးမှုကို ရင်ဆိုင်နေရသူစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်း[၁]မှာ အမျိုးသမီးများပင်ဖြစ်နေပြီး ၂၀ ရာခိုင်နှုန်း[၂]အောက်နည်းသော မြေ၊ ယာပိုင်ဆိုင်ခွင့်ကိုသာ ရရှိထားကြပါသည်။ ကျား၊ မ ရေးရာကွာဟသည့် မညီမျှမှုများသည် မြန်မာနိုင်ငံကဲ့သို့ပင် နိုင်ငံတိုင်း၌ရှိနေပြီး ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် တရားဥပဒေမူဘောင်တို့၌ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူညီမျှခွင့်ရရှိစေရန် ထည့်သွင်းပြဌာန်းထားသော်လည်း ဥပဒေများ၊ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ချက်များနင့် လက်တွေ့ကျင့်သုံးနေမှုများအကြား တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုမရှိပဲ ကြီးမားစွာလစ်ဟာနေပါသည်။ အကျိုးဆက်အနေဖြင့် မြေ၊ ယာနှင့် အရင်းအမြစ်များကို အမျိုးသမီးများ လက်လမ်းမှီရရှိခွင့်နှင့် ထိန်းချုပ်စီမံခွင့်ရရှိစေရန်အတွက် ကြီးမားသောအဟန့်အတားများကို ဆက်လက်ရင်ဆိုင်နေကြရဆဲဖြစ်ပြီး ယင်းသည် စားနပ်ရိက္ခာဖူလုံမှု၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ အာဟာရပြည့်ဝမှုနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု အခြေအနေတို့ကို နိမ့်ကျစေပါသည်။[၃]

## စိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင်နေထိုင်သည့် သန်းပေါင်းများစွာသော ကျေးလက်နေ အမျိုးသမီးများမှာ လယ်လုပ်သူနှင့် အခြေခံကုန်ထုတ်လုပ်သူများဖြစ်ကြပြီး မြေ၊ ယာ၊ ရေ၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း၊ ချေးငွေ၊ သင်တန်းနှင့် နည်းပညာကဲ့သို့သော ကုန်ထုတ်လုပ်မှုဆိုင်ရာ အရင်းအမြစ်များကို လက်လှမ်းမီရရှိမှုနှင့် ထိန်းချုပ်စီမံမှုတို့ကိုရရှိရန် အမျိုးမျိုးသော အကြောင်းရင်းများဖြင့် ကန့်သတ်ခံနေရပါသည်။

ထိုအကြောင်းရင်းအချို့မှာ -

- ကျား၊ မရေးရာ ကွဲပြားခြားနားမှုများကို ဥပဒေရေးရာမူဘောင်များနှင့် မူဝါဒများဖြင့် တိကျပြတ်သားစွာကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိခြင်း
- မြေ၊ ယာ ပိုင်ဆိုင်ခွင့်အာမခံချက်နှင့်ဆက်နွယ်သော စိန်ခေါ်မှုများရှိနေခြင်း
- အမျိုးသမီးများအပေါ် ဆုးကျိုးသက်ရောက်မှုရှိသည့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဥပဒေအာဏာသက်ရောက်မှုများ ရှိနေခြင်း။ ဥပမာ - အမျိုးသားများကိုသာ အိမ်ထောင်မိသားစု၏ ဦးစီးများအဖြစ် အသိအမှတ်ပြုထားခြင်းကြောင့် မြေ၊ ယာပိုင်ဆိုင်မှု၌ အမျိုးသားတစ်ဦးတည်း၏ အမည်ပေါက်ဖြစ်နေခြင်း
- မြေ၊ ယာပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများ၌ ကျား၊ မ ခွဲခြားဆက်ဆံမှုသည် အမျိုးသားများကို ဦးစားပေးသော အချို့ဓလေ့ထုံးတမ်းဥပဒေများအပါအဝင် အရိုးစွဲနေသော ယဉ်ကျေးမှုအစဉ်အလာများနှင့် လူမှုရေးဓလေ့ထုံးစံများကြောင့် ဖြစ်လေ့ရှိခြင်း၊ ဥပမာ - အမွေဆက်ခံမှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ
- ရပ်ရွာအရေးကိစ္စများ၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိအောင် တားမြစ်ပိတ်ပင်ထားသည့် သို့မဟုတ် ကာကွယ်တားဆီးထားသည့် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံများရှိနေခြင်းနှင့် ထိုသို့သော ဆုံးဖြတ်

[1] UN Human Rights Council, Preliminary study of the Human Rights Council Advisory committee on discrimination in the context of the right to food, 22 February 2010,A/HRC/13/32

[2] FAO, March 2010. Policy Brief '*Gender and Land Rights'*.

[3] What works for Women: Proven approaches for empowering women smallholders and achieving food security. March 2012.

ချက်ချမှတ်သည့်ပုံစံကို အမျိုးသားများရော အမျိုးသမီးများကပါ ခိုင်မာစွာ ယုံကြည်လက်ခံထားမှုများ ရှိနေခြင်း

- ကျေးလက်နှင့် စိုက်ပျိုးရေးစီမံကိန်းများကို အခြေပြုသည့် အချက်အလက်များနှင့် ဆန်းစစ်ချက်များတွင် လိင်ခွဲခြားဖော်ပြမှု အားနည်းခြင်း
- အခြားနိုင်ငံများစွာတွင် တွေ့ကြုံနေရသကဲ့သို့ ကျား၊ မတန်းတူ အလေးထားရှုမြင်မှုနှင့် ဥပဒေရေးရာအသိပညာပေးအစီအစဉ်များ အားနည်းခြင်း

## အဓိကပေးလိုသည့် သတင်းအချက်အလက်များ

၁. ဓလေ့ထုံးတမ်းအရနှင့် ရှင်းလင်းလွယ်ကူသော နည်းလမ်းများဖြင့် မြေ၊ ယာပိုင်ဆိုင်ခွင့်ကိုတောင်းဆိုတင်ပြခြင်း၊ ဇနီးမောင်နှံ ပူးတွဲပိုင်ဆိုင်ခွင့်နှင့် အမျိုးသမီးများကို တရားဝင်အသိအမှတ်ပြုထားသည့် စာရွက်စာတမ်းများ တောင်းဆိုတင်ပြပိုင်ခွင့်ပေးခြင်းများအပါအဝင် ဥပဒေပြင်ဆင်မှုနှင့် မူဝါဒရေးဆွဲမှုတို့တွင် ကျား၊ မ ရေးရာ အမြင်ကို တိကျပြတ်သားစွာ ထည့်သွင်းဖော်ဆောင်ရပါမည်။

၂. မြေ၊ ယာဥပဒေသစ် မူကြမ်းရေးဆွဲရာတွင် အမျိုးသမီးများအပါအဝင် ပါဝင်ပတ်သက်သူအမျိုးမျိုးအား ပါဝင်စေရပါမည်။

၃. အမျိုးသမီးများသည် နိုင်ငံနှင့် မိသားစုအတွက် စားနပ်ရိက္ခာဖူလုံမှုနှင့် အခြေခံကျသော ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အရေးပါသော ပါဝင်ပံ့ပိုးသူများဖြစ်သည်နှင့်အညီ မြေ၊ ယာ (ရေ၊ သစ်တော၊ ငါးလုပ်ငန်း)၊ စီးပွားရေးဝန်ဆောင်မှုများ၊ သင်တန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ နည်းပညာများ၊ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာအကြံပြုဝန်ဆောင်မှုများနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများအား လက်လှမ်းမီရရှိစေရန်နှင့် ထိန်းချုပ်စီမံခွင့် သေချာစွာရရှိစေရန် လိုအပ်ပါသည်။

၄. အမျိုးသမီးများသည် လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် မူဝါဒဆိုင်ရာအတားအဆီးများကြောင့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် အဟန့်အတားများဖြင့် ရင်ဆိုင်နေကြရသည်။ ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာမူဝါဒများနှင့် စီမံချက်များချမှတ်သည့် လုပငန်းစဉ်များတွင် အမျိုးသမီးများအား ထိရောက်စွာ ထိုယ်စားပြု ပါဝင်ဆောင်ရွက်စေခြင်းနှင့် ကုန်ထုတ်လုပ်မှု၌ ပါဝင်သောအမျိုးသမီးများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းတို့ကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

၅. မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆောင်ရွက်ချက်များ၏ ကနဦးအဆင့်မှာပင် ကျား၊မ ရေးရာအမြင်များကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သွားမည်ဆိုပါက အမျိုးသမီးများ၏ မြေ၊ ယာနှင့် အရင်းအမြစ်များအား လက်လှမ်းမီရရှိရေးနှင့် ထိန်းချုပ်စီမံခွင့်ရရှိရေးတို့ တိုးတက်လာမည်ဖြစ်ပါသည်။ တိကျပြတ်သားသော မူဝါဒနှင့် ကျင့်သုံးမှု အပြောင်းအလဲများ မလုပ်နိုင်သေးသရွေ့ ကျား၊ မ ရေးရာကွာဟသည့် မညီမျှမှုများ ဆက်လက်တည်ရှိနေဦးမည် ဖြစ်ပါသည်။

၆. ဒေသအတွင်းရှိသော အသိပညာဗဟုသုတနှင့် လုပ်ရိုးလုပ်စဉ်များကို အကျိုးရှိရှိအသုံးချခြင်းဖြင့် အမျိုးသမီးများအား ပံ့ပိုးကူညီပေးနိုင်ပါသည။ အမျိုးသမီးများအနေဖြင့် ဘာလုပ်ရမည်ကို သိပြီးဖြစ်ကောင်းဖြစ်နိုင်သော်လည်း အမျိုးသားများနှင့် အမျိုးသမီးများအပေါ် ရင်းနှီးမြှုပ်နှံမှုကို အားထုတ်ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့အား မဖြစ်မနေပံ့ပိုးကူညီပေးရပါမည်။

၇. ကျား၊ မ ရေးရာတန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသားများနှင့် ယောကျ်ားကလေးများအား အသိပညာပေးမှု မြှင့်တင်ရမည် ဖြစ်ပါသည်။

၈. ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရန်၊ ဈေးကွက်ကိုလက်လှမ်းမှီနိုင်ရန်၊ အသိပညာနှင့် သတင်းအချက်အလက်များကိုဝေမျှရန်၊ မြေ၊ ယာ၊ မွေးမြူရေးနှင့် ချေးငွေကဲ့သို့သော တိုးပွားနိုင်သည့် ကုန်ထုတ်လုပ်မှုဆိုင်ရာပိုင်ဆိုင်မှုများ တိုးတက်လာစေရန်အတွက် အားလုံးပူးပေါင်းပါဝင်သော စုပေါင်းဆောင်ရွက်မှုသည် အမျိုးသမီးများအတွက် အလွန်အင်အားရှိသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

## ‘ဘာတွေလုပ်ဆောင်ပေးနိုင်ပါသလဲ’

၁. စားနပ်ရိက္ခာဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများအပါအဝင် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသော လိုအပ်သည့် မြေ၊ ယာ ပိုင်ဆိုင်ခွင့်အာမခံချက်ရရှိစေရန် အမျိုးသမီးများ၏ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်အားဖြည့်တင်းမှုအခန်းကဏ္ဍကို ဖော်ထုတ်ပေးရန်

၂. အားလုံးပူးပေါင်းဆောင်ရွက်မှုရှိသော ကျား၊ မရေးရာ သာတူညီမျှသည့် မြေ၊ ယာအသုံးပြုမှု စီမံချက်များကို ဖော်ထုတ်ရန်
၃. အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရှိကြောင်း ဥပဒေရေးရာမူဘောင်များ၌ တိကျပြတ်သားစွာ ပြဋ္ဌာန်းဖော်ပြခြင်းဖြင့် မြေ၊ ယာ ပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်တို့တွင် ခွဲခြားဆက်ဆံမှုမရှိစေရေးအတွက် ဆောင်ရွက်ရန်
၄. အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများ၌ အမျိုးသမီးများရော အမျိုးသားများကိုပါ မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များတွင်ထည့်သွင်းစဉ်းစားရန်။
၅. လိင်ကွဲပြားမှုအလိုက်ဖော်ပြထားသော အချက်အလက်များကို ကောက်ယူဆန်းစစ်လေ့လာပြီး လုပ်ငန်းအစီအစဉ်ရေးဆွဲရန်နှင့် စောင့်ကြည့်ကြပ်မတ်ရန်အတွက် ရည်ရွယ်အသုံးပြုရန်
၆. အမျိုးသမီးအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များအား ထိရောက်စွာ ပံ့ပိုးကူညီမှုပေးရန် - ၎င်းတို့၏ အောင်မြင်မှုများနှင့် အခက်အခဲအတားအဆီးများကို ဖော်ထုတ်ပြီး အမျိုးသမီးများ၏ အရင်းအမြစ်များကို လက်လှမ်းမီရရှိရေးနှင့် ထိန်းချုပ်စီမံခွင့်ရရှိရေးတို့အတွက် အထောက်အကူပြုနိုင်မည့် အရည်အသွေးများတိုးတက်လာစေရန် သင်တန်းများပံ့ပိုးပေးခြင်း[4]နှင့် လိုအပ်ချက်နှင့်ကိုက်ညီသော အထောက်အပံ့များကို ပံ့ပိုးကူညီရန်
၇. အမျိုးသမီးများအား အရည်အသွေး မြှင့်တင်နိုင်ရန်နှင့် မိမိကိုယ်မိမိယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် သင်တန်းများပံ့ပိုးပေးခြင်းအားဖြင့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်၌ အမျိုးသမီးများပါဝင်ခွင့်ရရှိလာစေရေးအတွက် ထိရောက်မှုရှိသောလုပ်ငန်းနည်းစနစ်များကို သေချာစွာ တည်ဆောက်ပေးရန်
၈. အမျိုးသမီးများပါဝင်ဆောင်ရွက်လာနိုင်စေရန် အာမခံချက်ပေးနိုင်သော သင်တန်းများပေးခြင်း၊ ပညာရေးဝန်ဆောင်မှုပေးခြင်းနှင့် ကျား၊ မ တန်းတူ အလေးထားရှုမြင်ခြင်းစသော ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်ပေးရန်
၉. မြေ၊ ယာနှင့် အရင်းအမြစ်များအား အမျိုးသမီးများ လက်လှမ်းမီရရှိရေးနှင့် ထိန်းချုပ်စီမံခွင့်ရရှိရေးစသော အမျိုးသမီးများအတွက် အရေးပါသည့် အခွင့်အရေးများကို မြေ၊ ယာ စီမံခန့်ခွဲရေးဆိုင်ရာအရာရှိများ၊ အများပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် အစိုးရအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အလေးထားအသိအမှတ်ပြုစေရန်အတွက် စည်းရုံးလှုံ့ဆော်ပေးရန်
၁၀. အမည်ပေါက်နှင့် မှတ်ပုံတင်ရန်ဌာနများ၊ ဒေသဆိုင်ရာ ကျေးရွာအဆင့်ကောင်စီများကဲ့သို့သော မြေ၊ ယာ စီမံခန့်ခွဲမှုဆိုင်ရာ ရုံးဌာနများတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှုကို တိုးမြှင့်ပေးရန်
၁၁. မြေ၊ ယာနှင့် အရင်းအမြစ်များအား အမျိုးသမီးများ လက်လှမ်းမရရှိစေရန် အားဖြည့်ပံ့ပိုးသည့် လုပ်ထုံးလုပ်နည်းစနစ်များနှင့် သတင်းအချက်အလက်များကို စုဆောင်းမျှဝေရန်

---

[4] Useful Resources include the following:
**What Works for Women:** Proven approaches for empowering women smallholders and achieving food security, 2012. ActionAid International UK, Christian Aid, Concern Worldwide UK, Find Your, Oxfam GB, Practical Action, Save the Children UK, Self Help Africa
http://www.care.org.au/document.doc?id=780
**Gender in Agriculture Sourcebook,** 2009. The World Bank, Food and Agriculture Organization, and the International Fund for Agricultural Development
http://siteresources.worldbank.org/INTGENAGRLIVSOUBOOK/Resources/CompleteBook.pdf
**Women's Perspectives: A Case Study of Systematic Land Regiatration, Cambodia,** July 2008. Mehrak Mehrvar, Chhay Kim Sore & My Sambath. Gender and Development for Cambodia and Heinrich Boll Stiftung Cambodia
http://www.gwi-boell.de/web/service-en-case-study-cambodia-land-registration-2860.html